အာဝါးကျေးရွာ

ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပြည်တော်သာကျေးရွာ၊ ကလေးမြို့နယ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၁ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စာမျက်နှာ

စကားချီး

အာဝါးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၂

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၁

(ခ) သဘာဝအရင်းအမြစ်များ ၃

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၃-၅

(က) လူဦးရေဆိုင်အရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(ငံ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ၆-၉

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(ငံ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၀

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၀

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၁၀-၁၁

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စာ စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇)ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈)မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၄ မှ ၂၀၂၅ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏာန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီး ပုံကိုအလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပကိန် ကိန်းဂဏာန်း၊ သတင်းအချက်အလက် ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏာန်း များသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး မဏိပူရမြစ်မှရေလွှတ်မြောင်းများမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ ကျေးရွာတည်နေရာသည် ချင်းတောင်တန်းနှင့်နီးစပ်ပြီး ကျေးရွာ၏ မြေမျက်နှာ သွင်ပြင်မှာ မြေပြန့်ဖြစ်ပါသည်။

ဇူလိုင်လ၊ ၂၀၂၁ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အာဝါးကျေးရွာ
ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့ ပထမဆုံးဖြစ်သော ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ဤအစီစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်းများ၊ သတင်းအချက်အလက်များ ပြုစုရန် အရေ ကြီးကြောင်းသိရှိရပါသည်။ ၎င်းအပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများစသည်တို့ထံမှလည်း လိုအပ်သော ကိန်းဂဏန်းများ၊ သတင်းအချက်လက်များရယူခြင်းသည် ဤကျေးရွာစီမံကိန်း အကောင်အထည် ဖော်ရန် လိုအပ်သည့် နည်းပညာများ ရရှိရန် အရေးကြီးကြောင်းသတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိစီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေ၊ကြုံတွေ့နေသော ပြဿနာနှင့် ပြဿနာ၏ အရင်းခံအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်အလက်များလာမည့် ကာလများတွင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များနှင့် ရည်မှန်းချက်များနှင့် ရည်မှန်းချက်များ ရရှိနိုင်ရန် ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာစသည်များကို ရှင်းလင်းစွာဖော်ပြထားပါသည်။

ထို့ပြင် ဦးစားပေးလုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သော အချက်များနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဏ္ဍ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူဆက် သွယ်ရေးအဖွဲ့အစည်းများ စသည်တို့၏ အာရုံစူးစိုက်မှုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှ တို့သည့် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

အာဝါးကျေးရွာသည် စစ်ကိုင်းတိုင်း၊ ကလေးခရိုင် ကလေးမြို့နယ်တွင် ပါဝင်တည်ရှိပြီး ကလေးမြို့မှ မြောက်ဘက်(၄)မိုင်နှင့်(၂)ဖာလုံခန့်အကွာတွင် တည်ရှိပါသည်။

အဓိကအသက်မွေးဝမ်း ကျောင်း လုပ်ငန်းမှာစိုက် ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မြေပြန့်ဒေသတွင် တည်ရှိသဖြင့် နွေ၊မိုး၊ဆောင်း သွားလာရလွယ်ကူပြီး ဆက်သွယ်ရေးလမ်း ကောင်းမွန်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၃၀)အောက်ဖြစ် သည်။ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်၍ လယ်ယာမြေများတွင် စပါးအပြင် မြေပဲ၊ နေကြာများစိုက်ပျိုး ကြပါသည်။

(ခ) **သဘာဝအရင်းအမြစ်**

အာဝါးကျေးရွာ၏ လယ်မြေများသည် မြေဆီမြေလွှာသင့်တင့်မျှတစွာကောင်းမွန်၍ အချို့သော လယ်မြေများတွင် စပါးပင်များရိတ်သိမ်းပြီးပါက မြေပဲ၊ နေကြာနှင့် ခရမ်းသီး၊ ခရမ်းချဉ် အပြင် ဟင်းချက်ဖွယ် စားသောက်ပင်များ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သဘာဝထွက် သယံဇာတပစ္စည်းများ မထွက်ရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ မထွက်ရှိပါ။ နွားစာများကို လယ်လုပ်ချိန်တွင် လယ်ကန်စည်းမှ မြက်များရိတ်ကျွေးခြင်း၊ ကောက်ရိုးများစည်း၍ ကျွေးခြင်းနှင့်လယ်များရိတ်သိမ်းပြီးပါက ၎င်းလယ်မြေများ တွင် လွှတ်ထားကြပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင် အပင်များမှာ သဘာဝပေါက်သော တောတွင်း ဆေးဘက်ဝင်အပင်သာရှိပြီး စီးပွားဖြစ်စိုက်ပျိုးထားသော အပင်များမရှိပါ။ မိမိတို့စိုက်ပျိုးထား သော အပင်များသာ ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

အာဝါးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၆)စုရှိပြီး ကျား(၂၄၃)ဦးနှင့် မ(၁၂၃)ဦးရှိရာ စုစုပေါင်း လူဦးရေမှာ (၃၆၆)ဦးရှိပါသည်။ တစ်အိမ်ထောင်ချင်းပျမ်းမျှ(၄)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် မှီတင်း နေထိုင်ကြသူအများစုမှာ မြန်မာ(ဗမာ)လူမျိုးများ နေထိုင်ကြပါသည်။ အလုပ်လုပ်နိုင်သည့် ဦးရေများ ပါသည်။ အမျိုးသမီးများမှာ အများအားဖြင့် ပေါ်ပင်လုပ်ငန်းများကို လုပ်ကိုင်ကြရသည်။သို့ဖြစ်ပ၍ လက်မှုပညာတတ်မြောက်မှုမရှိခြင်း၊ ငွေရင်းနှီး၍ အရောင်းအဝယ်လုပ်ကိုင်စားသောက်နိုင်သူ နည်းပါးခြင်း တို့ကို လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများနှင့် ပညာရေးနိမ့်ပါးသော အမျိုးသားများပါ လုပ်ကိုင် နိုင်သည့်လုပ်ငန်းများ ထည့်သွင်းစဉ်းစားပေးပြီး အလုပ်အကိုင်များဖန်တီးစီစဉ်သင်ကြားပေးနိုင်ပါက လူစွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်လျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို၍ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်မိပါသည်။

(ခ) **စီးပွားရေးအခြေအနေ (ဝင်ငွေ ပိုင်ဆိုင်မှုနှင့် မမျှတမှု)**

အာဝါးကျေးရွာနေလူထု၏ အဓိက လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ သာမန်အားဖြင့် အသင့်အတင့် ကောင်းမွန်ကြသည်ဟု ယူဆနိုင်ပါသည်။

ဆင်းရဲချမ်းသာမှုသတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၁၅%)သည် ပထမအဆင့် ဖြစ်နိုင်ပြီး (၁၅%)သည် ဒုတိယအဆင့်၊ (၃၀%)သည် တတိယအဆင့်နှင့် (၆%)သည် အဆင်းရဲဆုံးဟူ၍ ခန့်မှန်းသတ်မှတ်နိုင်ပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုတို့ကြောင့် စီးပွားရေးအနေအထားမှာ တောင်သူကြီးများအနေဖြင့် အသင့်အတင့် ကောင်းမွန်သည်ဟု ခန့်မှန်းသတ်မှတ်နိုင်ပါသည်။ အဆင့်နိမ့်၊ ဆင်းရဲသော အိမ်ထောင်စုများမှာ အများဆုံးဖြစ်၍ မြေယာပိုင်ဆိုင်မှုရှိသော်လည်း ဝမ်းစာမလောက်သော လယ်သမား၊ လက်လုပ်လက်စား၊ ကူလီအလုပ်သမား၊ မြေယာမဲ့နှင့် ကျပန်းအလုပ်သမားဖြစ်ကြသည်။ ကျေးရွာတွင်း မြေယာမဲ့ အိမ်ထောင်စု အရေအတွက် (၄၅)စု ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် (၇၀%) ရှိသည်။ ယင်းအတွက်သည် ဆင်းရဲသူ၊ အလွန်ဆင်းရဲသူများနှင့် စိုက်ပျိုးလယ်ယာမြေမရှိသော်လည်း အခြားလုပ်ငန်း များဖြင့်ရပ်တည်နေထိုင်သူများ ပါဝင်ပါသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

အာဝါးကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ လေးပုံသုံးပုံခန့်ရှိသော်လည်း ၎င်းမြေယာမဲ့ မိသားစု တို့သည် ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် ရရာလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ကြပြီး ကုန်စိမ်း ရောင်းခြင်း သာစိမ်း၊ ငါးစိမ်းရောင်းဝယ်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ဆန်စပါးထွက်ရှိမှု ကောင်းမွန်ပါသဖြင့် အိမ်ထောင်စုအများစုမှာ တစ်ရက်လျှက် ထမင်း(၂)နပ်စာ ပုံမှန်စား နိုင်ကြပါသည်။ စားနိုင်အောင်လည်း အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်ကြရပါသည်။ ကျေးရွာတွင် ထိခိုက် လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု အားနည်းသူဖြစ်ကြပါသည်။ အသက်ကြီးရွယ်အိုများ မှာ အိမ်ထောင်စုတစ်စုတွင် တစ်ဦးခန့်ရှိတတ်ပါသည်။

ထိခိုက်လွယ်သက်ရောက်မှုအမျိုးအစားတွင် စားနပ်ရိက္ခာမဖူလုံမှုကိုသာ အနေအထားအနည်းငယ် တွေ့ရှိရပါသည်။ သဘာဝဘေးဒဏ်ကြောင့် ရေဘေး၊ လေဘေးတို့လည်း တခါတရံ တွေ့ရှိရတတ်ပါသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက် သက်ရောက်မှု နိမ့်နေသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များထဲမှ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာ သောက်စားမှု အလွန်နည်းပါးသောကြောင့် ထိခိုက်မှုနိမ့်ကျသည်ကို လေ့လာတွေ့ရှိရပါသည်။

ချေးငွေနှင့်ပတ်သက်၍ ပုဂ္ဂလိကငွေချေးလုပ်ငန်းများနှင့် အစိုးရစိုက်ဘဏ်မှ ရရှိကြပါသည်။ ချေးငွေများကို အသုံးပြုရာတွင် ရင်းနှီးမြုပ်နှံ၍ အမြတ်ငွေများကိုစားဝတ်နေရေးနှင့် ကျန်းမာရေးစရိတ်ကို မျှဝေသုံးကြပါသည်။

(ဃ) **ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင် ရာသီဥတုအကူးအပြောင်းတွင် ဖြစ်တတ်သော သာမန်ရောဂါအချို့မှလွဲ၍ အခြားရောဂါ ကြီးကြီးမားမားဖြစ်ပွားမှုနည်းပါသည်။ ပြည်သူကျန်းမာရေးမြှင့်တင်ရန်အတွက် အခါအားလျော်စွာ ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အထူးလိုအပ်လျက်ရှိပါသည်။ ပုံမှန်ကာကွယ်ဆေးထိုး နှံမှုနှင့်ကျန်းမာရေးဝန်ဆောင်မှုကိုလည်း ရရှိပါသည်။ ရွာသူရွာသားအများစုသည် ကျန်းမာရေးကောင်းမွန် ကြပါသည်။ စာသင်ကျောင်းတွင်လည်း ပြည်သူ့ဆေးရုံကြီး၊ကလေးမြို့မှ ကျန်းမာရေးဝန်ထမ်းများ ဖြစ်ကြသော ဆရာ၊ဆရာများမှလည်း ကျန်းမာရေးဟောပြောပွဲများ အခါအားလျော်စွာ ပြုလုပ်ပေးကြ ပါသည်။ ဆောင်ရန်ရှောင်ရန်နှင့် လိုက်နာကျင့်သုံးရမည့် အချက်များကိုလည်း ပြောပြသွားပါ သည်။

ကျေးရွာတွင် အိမ်တိုင်းလိုလို သောက်သုံးနိုင်သော ရေတွင်းများရှိကြ၍ ရေလုံလောက်စွာ သုံးစွဲနိုင်ပါ သည်။ အိမ်ထောင်စုအားလုံးတွင် မြေအောက်ရေ အလွယ်တကူရရှိပါသဖြင့် ဝမ်းပျက်ဝမ်းလျှော၊ အူရောင် ငန်းဖျားရောဂါဖြစ်ပွားမှု အားနည်းငယ် တွေ့ရှိရပါသည်။

(c) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

အာဝါးကျေးရွာတွင် ပညာရေးအနေဖြင့် မူလတန်းကျောင်းရှိပြီး ပညာရေးအဆင့်အတန်းမှာ အတော်အသင့် တွေ့ရှိရပြီး စာတတ်မြောက်မှု နှုန်းမှာ (၉၀%) ခန့်ရှိသည်။ စာမတတ်တူ(၆)ဦး ရှိရာ လူဦးရေစုစုပေါင်း၏ (၀.၅%) သာရှိသည်။ အချို့ငွေကြေးတတ်နိုင်သော ကျောင်းသားများက အလယ်တန်း၊ အထက်တန်းကျောင်းပညာရေးကို ကလေးမြို့ပေါ်ရှိ ကျောင်းများသို့သွားရောက် ပညာသင်ယူကြသည် ကိုလည်းတွေ့ရှိရပါသည်။ သက်မွေးဝမ်းကျောင်းပညာလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများတွင် အဆင့်နိမ့်ကြဆဲဖြစ်နေပါသည်။ လူငယ်လူရွယ်များအတွက် သက်မွေးပညာအခြေခံ အလုပ်အကိုင် အခွင့် အလမ်း နည်းပါးနေဆဲဖြစ်ပါသည်။

စာသင်ကျောင်း ပညာရေးတတ်မြောက်မှု အခြေအနေမှာ မူလတန်းအဆင့် (၁၃)ဦး၊ အလယ်တန်းအဆင့်(၁၇)ဦး၊ အထက်တန်းအဆင့် (၁၁) ဦးနှင့် တက္ကသိုလ်ကောလိပ်အဆင့် (၁၅)ဦး ရှိပြီး ဘွဲ့ရအရေအတွက်မှာ နည်းပါးနေပါသေးသည်။ ယခုလက်ရှိ ပညာသင်ကြားနေသော အရေအတွက်မှာ ကျေးရွာရှိလူဦးရေ၏ (၂၁%) သာရှိကြောင်း တွေ့ရှိရပါသည်။

ပညာရေးဆိုင်ရာ အခက်အခဲတွေ့ရှိမှုမှာ မူလတန်းကျောင်းဆရာလုံလောက်မှုရှိသော်လည်း ဆရာ/ဆရာမများ သင်တန်းတက်သွားရောက်ခြင်း၊ မီးဖွားခွင့်ယူခြင်းတို့ကြောင့် ပညာရေးမှာ လစ်ဟာမှု ရှိနေကြောင်း တွေ့ရှိရပါသည်။ ၎င်းနောက် ဆရာ/ဆရာမများ အပြောင်းအရွှေ့သည် ကျောင်းပိတ်ရက်၊ နွေရာသီမှသာ ပြုလုပ်ထားသင့်ကြောင်း တွေ့ရှိရပါသည်။

(စ) **ကျား/မ ဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်မှုရှိသည်။ အမျိုးသား/အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များအတွင် အခွင့်အရေး တူညီစွာ ခံစားနိုင်သည်ဟု ယေဘုယျပြောနိုင်သည်။ မိသားစုတွင် ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်အတိုင်း လိုက်ကျင့်သုံးကြပါသည်။ ၎င်းပြင် ကျားနှင့်မ အခြားပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း မရှိသလောက်ရှားပါသည်။ ကိန်းဂဏန်းအရ ကျား/မကွာခြားမှု နည်းသည်။ အလုပ်ဝင်ရောက်လုပ်ကိုင်ရာ၌ လုပ်အားခတွင် အမျိုးသားများက သာမန်အားဖြင့် ပိုရသည်။ ဆိုလိုသည်မှာ လုပ်အားခသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် လုပ်အားခလျော့နည်းနေပါသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၌ အမျိုးသမီးများပါဝင်မှု အသင့်အတင့်ရှိပြီး ကျား၊မ တန်းတူညီမျှမှုနှင့် ဖွံ့ဖြိုးမှုအတွက် ပိုမို၍ အထောက်အပံ့ဖြစ်လာနိုင်ပါသည်။**၆**

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ဤကျေးရွာတွင် ရပ်ရွာ၏ အကြီးအကဲများဖြစ်သော ရပ်မိရပ်ဖ၊ နယ်မြေမှူးနှင့် ဆယ်အိမ် အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပက၊ ဓမ္မစကူးလ်၊ ဘာသာရေးအဖွဲ့၊ အမျိုးသား၊ အမျိုးသမီးနှင့် လုံခြုံရေး ကူညီရေးအဖွဲ့ရပ်ရွာဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့၊ ကျောင်းကော်မတီ၊စာကြည့်တိုက်ကော်မတီအဖွဲ့များ ဖွဲ့စည်း ထားပြီး မိမိတို့ တာဝန်ကျရာ တာဝန်ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသည်။

လျှပ်စစ်မီး ရရှိမှုအခြေအနေမှာ အိမ်ထောင်စုပေါင်း (၆၆)အိမ်ရှိရာ အားလုံး ဆိုလာ/ဘထရီစနစ် နှင့် မီးသုံစွဲကြသော်လည်း မီးလင်းရုံမျှသာဖြစ်ပြီး ထင်းကို အစားမထိုးနိုင်ခြင်း၊ လက်မှုစီးပွားရေးလုပ်ငန်းများကို မသုံးစွဲနိုင်ခြင်းတို့ကြောင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိအသုံးပြုနိုင်ရေးမှာ အဓိက အရေးကြီးဆုံး လိုအပ်သောအင်အားတစ်ခုဖြစ်ပါသည်။

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် တောင်သူဦးကြီးများသည် စပါး၊ မြေပဲ၊ နေကြာတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။ စပါးရိတ်သိမ်းပြီးပါက မြေပဲ၊ နေကြာနှင့် ဟင်းချက်စရာ ခရမ်းချဉ်၊ ရုံးပတီသီးနှင့် အခြားစားသောက်ဖွယ် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြပါသည်။

တောင်သူဦးကြီးများသည် ယခုအခါ အလုပ်သမားခက်ခဲမှုတွေ့နေရပါသည်။ အလုပ်သမားများ သည်လည်း တောင်သူလုပ်အားခနှင့် ကုန်ဈေးလိုက်မမီပါသဖြင့် ဝင်ငွေပိုရသော လုပ်ငန်းများကိုသာ ရှာဖွေ လိုပ်ကိုင်နေကြရပါသည်။

ကျေးရွာတွင် တောင်သူဦးကြီးများသည် ကိုယ်ပိုင်လယ်ထွန်းစက်မရှိ၍ လယ်ထယ်ထိုးခဖျေးကြီးခြင်း၊ စပါးမျိုးကောင်းမျိုးသန့်မရရှိသဖြင့် ဓါတ်မြေဩ ဖျေးကြီးမြင့်နေခြင်းတို့ကြောင့် သီးနှံ စိုက်ပျိုးထုတ်လုပ်မှု လိုအပ်ချက်နှင့်အခက်အခဲများ တွေ့ကြုံနေရပါသည်။

ကျေးရွာတွင် အချို့သောပုဂ္ဂိုလ်များသည် စီးပွားဖြစ်မဟုတ်သော်လည်း တပိုင်တနိုင် ဝက်၊ နွားများ မွေးမြူကြပါသည်။ စီးပွားဖြစ် မဟုတ်သည့်အတွက် တစ်အိမ်လျှင် (၁)ကောင်မှ (၃)ကောင်ထိ မွေးမြူတတ် ကြပါသည်။ သဘာဝဘေးရာသီ အကူးအပြောင်းမှာ တစ်ခါတစ်ရံ ရောဂါများ ကျရောက်တတ်ပါသည်။ ထိုအခါ ကျေးရွာရှိ တိ/ကုနှင့် ကုသရပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများ အနေဖြင့် အစိုးရဝန်ထမ်း ကျပန်းစျေးရောင်းလုပ်ငန်း၊ နေ့စားအလုပ်သမားများ ရှိကြပါသည်။ အလုပ်သမားများမှာ ဝင်ငွေထွက်ငွေမမျှ စားဝတ်နေရေး အဆင်မပြေသူများလည်း ရှိနေပါသည်။ သက်မွေးဝမ်းကျောင်းပညာတတ်မြောက်သူ နည်းပါးနေပါသည်။ ကျေးရွာရှိ အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေများသော်လည်း သက်မွေးဝမ်းကျောင်း ပညာသင်ယူရန် နေရာ ရှားပါးဝေးကွာခြင်းတို့ကြောင့် လူသားတို့၏ အရင်းအမြစ်ဖွံ့ဖြိုးရန် စိန်ခေါ်မှုများ ရှိနေပါသည်။ အချို့အခြေခံရှိသော်လည်း ကျွမ်းကျင်မှုနှင့် အရင်းနှီးများ လိုအပ်နေသည်ကိုတွေ့ရပါသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတည်ရှိရာ နေရာသည် ကုန်းမြေ၏ အနိမ့်ပိုင်းတွင် တည်ရှိနေသည်ဖြစ်၍ ရေကြီးရေလျှံခြင်း အန္တရာယ်များ ကြုံတွေ့ခဲ့ရပါသည်။ ၂၀၁၅ ခုနှစ် ကဲ့သို့ ရေကြီးရေလျှံခြင်းတွင် တစ်ရွာလုံး နစ်မြုတ်ခဲ့ရ ပါသည်။

မုန်တိုင်းအန္တရာယ်နည်းပါးပြီး တခါတခါတရံ အားလျော့သော မုန်တိုင်းဝင်ရောက်မှုသာ ကြုံရတတ်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များအတွက် အန္တရာယ်တော့နည်း ပါးပါသည်။

ကျေးရွာအတွက် အဓိက လိုအပ်ချက်မှာ စွန့်ပစ်ပစ္စည်း စီမံခန့်ခန့်ခွဲမှုတွင် ပလပ်စတစ်ဘူးခွံ၊ အိတ်ခွံ၊ ဆေးထိုးအပ်၊ ပုလင်းခွံများကို စနစ်တကျ စွန့်ပစ်ရန် လိုအပ်ပါသည်။ သို့မှသာ မြေဆီလွှာ ပြုန်းတီးမှုနှင့် ထိခိုက်အန္တရာယ် ကင်းရှင်းရန်အတွက် အသိပညာပေး မြှင့်တင်ရန် ဖြစ်သည်။

(င) **ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

စိုက်ပျိုးရေးဘဏ်မှ ကာလတိုချေးငွေအဖြစ် တောင်သူဦးကြီးများသာ စိုက်ပျိုးစရိတ်အဖြစ် အတိုး နှုန်းတစ်လ (၇၀)ပြား တစ်ဧကကို တစ်သိန်းခွဲနှုန်း ကျပ်ဖြင့် အများဆုံးလယ်ယာမြေ(၁၀)ဧကအထိသာ ချေးယူရရှိကြပါသည်။

ချေးငွေချေးယူကြသော ကျေးရွာသားများသည် အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး ကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။

(စ) **ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာကျောင်းတက်နှုန်းမှာ မူလတန်းအဆင့် (၁၃)ဦး၊ အလယ်တန်းအဆင့် (၁၇)ဦး၊ အထက်တန်းအဆင့် (၁၁)ဦး၊ တက္ကသိုလ်၊ ကောလိပ်တက်နေသူ (၁၅)ဦး ရှိပါသည်။ ဘွဲ့ရပြီးသူများလည်း အသင့်အတင့်ရှိပါသည်။ ယခုလက်ရှိ တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းနှင့် မြေစာရင်းဝန်ထမ်း များကိုလည်း အာဝါးကျေရွာ ကျောင်းမှ မွေးထုတ်ပေးသည်ကိုလည်း တွေ့ရပါသည်။

အသက်(၅)နှစ်အထက် ကလေးများအပါအဝင် ကျောင်းနေအရွယ်ကလေးအားလုံး စုစုပေါင်း (၃၅)ဦး ရှိပါသည်။ ၎င်းတို့မှာ ကျေးရွာရှိလူဦးရေ၏ (၃.၅%) ကျောင်း တက်လျက်ရှိကြောင်း သိရှိရပါသည်။

ကျောင်းတွင် အစိုးရ၊ မူလတန်းကျောင်းကို သက္ကရာဇ်(၁၉၉၁) ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါသည်။ ၎င်းအဆောက်အဦးမှာ (၆၀'×၃၀'×၁၂') ရှိပါသည်။ ၎င်း မူလတန်းကျောင်းကို (၁၉၉၁)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားကြရပါသည်။ အချို့သော ရောဂါဝေဒနာရှင်များက တိုင်းရင်းဆေးရုံသို့ သွားကြပါသည်။တိုင်းရင်းဆေးရုံသည်လည်း အားကို အားထိုက်သော ဆေးရုံဖြစ်ပါသည်။ ဆရာ/ဆရာမများသည် ဝန်ဆောင်မှု ကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားကြရပါသည်။ အချို့သော ရောဂါဝေဒနာရှင်များက တိုင်းရင်းဆေးရုံသို့ သွားကြပါသည်။တိုင်းရင်းဆေးရုံသည်လည်း အားကိုအားထိုက်သော ဆေးရုံဖြစ်ပါသည်။ ဆရာ/ဆရာမ များသည် ဝန်ဆောင်မှု ကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားကြရပါသည်။ အချို့သော ရောဂါဝေဒနာရှင်များက တိုင်းရင်းဆေးရုံသို့ သွားကြပါသည်။တိုင်းရင်းဆေးရုံသည်လည်း အားကို အားထိုက်သော ဆေးရုံဖြစ်ပါသည်။ ဆရာ/ဆရာမများသည် ဝန်ဆောင်မှု ကောင်းမွန်၍ ရောဂါဝေဒနာများသက်သာပျောက်ကင်း၍ ငွေကုန်နည်းသည်ကို တွေ့ရှိရပါသည်။ တိုင်းရင်းဆေးရုံနှင့် ပြည်သူ့ဆေးရုံမှ ဆရာ/ ဆရာမများသည် ကျန်းမာရေးမြှင့်တင်ရန်အတွက် အခါအားလျော်စွာ ပညာပေးဟောပြောပေးကြရန် အထူး လိုအပ်နေပါသည်။

(ဆ) **လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာရှိ လူငယ်များသည် အနားယူအပန်းဖြေစေရန် သီးသန့်နေရာမရှိပါ။ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် သာရေး၊နာရေးကိစ္စများတွင် ပါဝင်ကူညီခြင်း၊ လိုအပ်ပါက သွေးများ လှူဒါန်းပေးခြင်း၊ဆင်းရဲသားများအား ဝိုင်းဝန်းကူညီခြင်း၊ ထို့အပြင် ကျေးရွာသာယာရေးအတွက် ရေထုတ် မြောင်းများ တူးဖော်ခြင်း၊ ရွာတွင်းလမ်းများကို ဝိုင်းဝန်းသဲလောင်းပြုပြင်ခြင်းများ ပြုလုပ်ကြပါသည်။ ၎င်းအပြင် လူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရန် အထွေထွေဗဟုသုတ အကြားအမြင် တိုးပွားစေရန် အတွက် စာကြည့်တိုက်ဖွင့်လှစ်ထားခြင်း၊ ခမ္မစကူးလ် သင်တန်းဖွင့်လှစ်ထားခြင်းတို့ကြောင့် လူငယ်များ ဘုရားသမိုင်း၊ ဗုဒ္ဓဝင်ဘုရားဖြစ်စဉ်အား သိရှိခြင်း၊ ပရိတ်ကြီး(၁၁)သုတ်အစရှိသည်များနှင့် ယဉ်ကျေးမှုစာ ပေနှင့် လိုက်နာကျင့်သုံးရမည့်အချက်များ နားလည်သိရှိလာခြင်း၊ ခမ္မစကူးလ်စုံညီပွဲတော်ကိုလည်း ရွာ(၆)ရွာ ပေါင်း၍ ကျင်းပပေးခြင်း၊ ၎င်းပွဲတော်တွင် လူယဉ်ကျေးမှု ပညာပေးသီချင်းနှင့်ဇာတ်လမ်းများ ကပြဖျော်ဖြေ အသုံးတော်ခံပါသည်။ လူငယ်များအတွက် အားကစားကွင်းကောင်းမွန်စွာ ထားရှိပါသည်။ လူသေ အလောင်း ရှိပါက ၎င်းအိမ်တွင် ညလုံးပေါက် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာကို ကောင်းသောအလေ့အထ ဖြစ်စေရန် ခေါင်းဆောင်ကောင်းများ ရွေးချယ်ခန့်ထားပေးပါသည်။

(၈) **အခြေခံအဆောက်အဦဖြစ်သည့်(လမ်း၊တံတား၊လျှပ်စစ်ဓာတ်အား၊ သတင်းနှင့်ဆက်သွယ်ရေး)**

လျှပ်စစ်မီးရရှိမှုအခြေအနေတွင် အားဝါးကျေးရွာသည် အိမ်ခြေ(၆၆)အိမ်၊ လက်ရှိနေထိုင်နေကြပြီး ရှေ့လာမည့်နှစ်များတွင်လည်း အိမ်ခြေနှင့်လူဦးရေတိုးပွားလာဦးမည်နှင့် ထင်းနှင့်မီးသွေးသုံးစွဲမှုလျော့နည်း ရန် အသေးစားစက်မှုလုပ်ငန်းများ သုံးစွဲနိုင်ရန်အတွက် အဖြစ်မနေ လိုအပ်သော ရွာလေးတစ်ရွာဖြစ်နေပါက လျှပ်စစ်မီးရရှိရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးသင့်သော ရွာဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများ အတွက် လက်လှမ်းမီအသုံးပြုနိုင်ကြပါသည်။

အိမ်တိုင်းဖုန်းများကိုင်ဆောင်၍ ဆက်သွယ်ရေးအသုံးပြုနိုင်ကြသော်လည်း အင်တာနက်လိုင်မှာ အခိုက် အတန့်သာအသုံးပြု၍ ရပါသည်။

ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦးရှိပြီး စာအုပ်များကို ရပ်ရွာအတွင်း အလှူခံစုဆောင်း ထားရှိပါသည်။စာကြည့်တိုက် ကော်မတီဖွဲ့စည်း၍ ကော်မတီများမှ လိုအပ်သော စာကြည့်တိုက်သုံး ပရိဘောဂပစ္စည်းများရှိပါသည်။

ကျေးရွာသားများအနေဖြင့် အာမခံလုပ်ငန်းများကို လက်လှမ်မမီသဖြင့် အာမခံဆောင်ရွက်ထားရှိမှု မရှိသေးပါ။ လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်ကို ကော်မတီဖွဲ့စည်းနိုင်မှု မရှိသေးပါ။ စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

(စျ) **တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိ၍ တောင်သူကူလီ၊ အလုပ် သမားနှင့် ဈေးသည်များအားလုံး ဘေးကင်းလုံခြုံစွာ လုပ်ကိုင်နိုင်ကြပါသည်။ ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြ၍ လိုအပ်သော သတင်းအရင်းအမြစ်များ လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။

ကျေးရွာတွင် လူကုန်ကူးမှုနှင့်ပတ်သက်၍ ကင်းရှင်းပါသည်။ ခိုးမှု၊ လုယက်မှု စသည့် ပြစ်မှုအကြီး အကျယ်မရှိသော်လည် တခါတရံ အသေးအဖွဲမျှ ရှိတတ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာ သောက်စားမှုမှ အပ အခြားဆေးဝါးသုံးစွဲမှု မရှိပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

အာဝါးကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင် တည်ရှိပြီး ကလေးမြို့၏ မြောက်ဘက်(၄)မိုင်အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်မှု ရှိပြီး တစ်နှစ်ပတ်လုံးလွယ်ကူစွာ သွားလာနိုင်ပေသည်။

ကျေးရွာနှင့်အနီးဆုံးကလေးမြို့ပေါ်ရှိ ဈေးများသို့ သွားရောက်ဝယ်ယူရောင်းချသုံးစွဲကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိပါသေးသဖြင့် ဘက်ထရီမီးကို နည်းမျိုးစုံဖြင့် အားသွင်း၍ သုံးစွဲကြရပါသည်။

ကျောင်းသား/သူများ စာကျပ်ရန်အတွက် အပြည့်အဝမသုံးစွဲနိုင်ပါ။ စာကျက်ချိန် အားနည်းပါသည်။ ၎င်းနောက် ထင်းကိုသာ အားထားသုံးစွဲနေရသဖြင့် သစ်တောပြုန်းတီးမှုသည် ကြီးမားစွာ ရပ်တည်နေဦးမည် ဖြစ်ပါသည်။

ဘွဲ့ရကျောင်းသားများ အသင့်အတင့် ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းကို လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။

ကျေးရွာနေလူထု၏ ကျန်းမာရေးမှာ ယေဘုယျအားဖြင့် ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကုသရန် အတွက် ရပ်ရွာမှ အားထားရသော လုပ်ငန်းအတွေ့အကြုံအရ ဆေးဝါးကျွမ်းကျင်သူများထံမှလည်း ကုသမှု ခံယူကြရပါသည်။

(ခ) **အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာအနေအထားအရ ယေဘုအားဖြင့် အဟန့်အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။ ကျေးရွာအခြေပြုအဖွဲ့အစည်းများကြားတွင်လည်း အခက်အခဲမရှိဘဲ ပူးပေါင်းပါဝင် ဆောင်ရွက်လျှက်ရှိ ပါသည်။ ခေါင်းဆောင်မှုအပိုင်းတွင် စည်းလုံးညီညွတ်စွာဖြင့် ကိုင်တွယ်ညှိနှိုင်းဆောင်ရွက်မှု အပိုင်းတွင်စနစ် တကျ ဆောင်ရွက်နိုင်မှု အနည်းငယ် အားနည်းကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် စိုက်ပျိုးသီးနှံမျိုးကောင်းမျိုးသန့်ရရှိနိုင်သော်လည်း မြေဩဇာဓာတ်ကြီးမြင့်၍ တောင်သူတိုင်း အသုံးမပြုနိုင်ပါ။ ရာသီဥတုဖောက်ပြန်မှုမှအပ သာမန်နှစ်များတွင် သီးနှံစိုက်ပျိုးထုတ်လုပ် မှုအခွင့်အလမ်းကောင်းမွန်ပါသည်။ သီးနှံထုတ်လုပ်မှုတွင် ကြီးမားသော အခက်အခဲမရှိပေမဲ့ ထွန်ယက် ငှါးရမ်းခ ဓာတုနှုန်းကြီးမြင့်မှုနှင့် သီးနှံဖျက်ပိုးကျရောက်မှုအပိုင်းတွင် အခက်အခဲနှင့် အဟန့်အတား ဖြစ်စေ ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးရွာနေထူထုဇ၏ လိုလားတောင့်တချက်အရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းတိုင်ပင်ပြီး လာမည့်(၅)နှစ်တာကာလအတွက် ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်များကို ချမှတ်ထားပါသည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

အထက်ဖော်ပြပါပန်းတိုင်သို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရ ဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များကို ဦးဆောင် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ကက) ကျေးရွာတွင်းရှိလမ်းများ အစဉ်ချောမွေ့စေရေးအတွက် ဆယ့်နှစ်လရာသီ သွားလာ နိုင်သော ကျောက်ချောလမ်းအဖြစ် ပြုပြင်သွားမည်။ ၎င်းပြင်ကျေးရွာ လူနေမှုအဖွဲ့အစည်း များကို လည်း အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည် ပိုမိုရရှိရေးအတွက် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

(ခခ) ကျေးရွာရှိ စာသင်ကျောင်းမှာ ခြံစည်းရိုးကာရံထားခြင်းမရှိသည့်အတွက် လုံခြုံစိတ် ချခြင်း မရှိရသဖြင့် ခြံစည်းရိုးများ ဆောက်လုပ်သွားမည်ဖြစ်သည်။

(၈၈) ကျေးရွာတွင် ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးမကောင်းသည့်အချိန်များတွင် အခြားရွာ များသို့ သွားရောက်ရာ၌ အခက်အခဲများစွာ ကြုံရတတ်သဖြင့် ဆေးပေးခန်းကိုလည်း ဆောက်လုပ် ရမည် ဖြစ်ပါသည်။

(၈၉) ကျေးရွာအတွင်း၌ လျှပ်စစ်မီးမရရှိသဖြင့် ညအချိန်၌ သွားလာရေးအခက်အခဲများ ကြုံကြရခြင်း၊ ထင်းကိုသာ အသုံးပြုကြရသဖြင့် သစ်တောပြုန်းတီးမှုများ ကြုံကြရသဖြင့် လျှပ်စစ်မီး ရရှိရေးလည်း အလေးပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၉၀) ကျေးရွာရှိ စာသင်ကျောင်းအတွက် အသုံးအဆောင်ပစ္စည်းများ လုံလောက်မှုရှိအောင် ဆောင်ရွက်ပေးမည်။ အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ကျွမ်းကျင်သော နည်းပညာ၊ အရာရှိများ ခေါ်ယူ၍ သင်တန်းတက်စေမည့်အပြင် အားကစားကွင်းကိုလည်း သင့်တော် သောစံချိန်မီကွင်းအဖြစ် မွမ်းမံပြင်ဆင်ပေးမည်။ ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ပေး၍ သွားလာရေး လွယ်ကူသော စာသင်ကျောင်းများ ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားသည် လုပ်ငန်းစတင်ရန်နှင့် ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသော ဦးစားပေးစီမံချက် များ၏ နှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး
နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင် လည်း ထည့်သွင်းပေးမည်ဖြစ်သည်-

စီမံချက်	အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း	၁	✓				
စာသင်ကျောင်းဝင်း ခြံစည်းရိုးကာရံခြင်း	၂		✓			
ကျေးရွာဆေးပေးခန်းဆောက်လုပ်ခြင်း	၃			✓		
လျှပ်စစ်မီးရရှိရေး	၄				✓	
အားကစားကွင်းအဆင့်မြှင့်မွမ်းမံပြင်ဆင်ခြင်း	၅					✓

ကလေးမြို့နယ်၊ ကျောင်းတိုက်ကျေးရွာအုပ်စု၊ အာဝါး ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	နိုင်ငံသားစိစစ်ရေးအမှတ်	အသက်	တာဝန်	ဆက်သွယ်ရန်ဖုန်း
၁	ဦးမြင့်အောင်	ဦးမောင်ဌေး	၅/ကလထ(နိုင်)၁၁၂၄၁၉	၄၂	ဥက္ကဋ္ဌ	၀၉-၂၅၅၃၆၁၃၅၈
၂	ဦးမင်းအောင်	ဦးအောင်လှ	၅/ကလထ(နိုင်)၁၆၀၈၃၃	၄၀	အတွင်းရေးမှူး	၀၉-၄၅၉၇၁၁၆၂၂၄
၃	ဦး:ချစ်စန်းမောင်	ဦးစိန်ဝင်း	၅/ကလထ(နိုင်)၁၅၂၅၂၄	၃၆	ဘဏ္ဍာရေးမှူး	၀၉-၂၅၆၉၇၅၇၃၅
၄	ဒေါ်သန်းသန်းဦး	ဦးသန်းထွန်း	၅/ကလထ(နိုင်)၁၉၉၄၉၅	၂၅	စာရင်းကိုင်	၀၉-၄၄၉၇၃၇၂၁
၅	ဒေါ်ဝိုင်းချစ်	ဦးပြူး	၅/ကလထ(နိုင်)၁၉၉၅၂၀	၂၄	သေ့ကိုင်(၁)	၀၉-၄၂၁၉၂၅၈၁၁
၆	ဒေါ်တင့်တင့်ထွန်း	ဦးရွှေရ	၅/ကလထ(နိုင်)၁၉၉၃၇၀	၂၉	သေ့ကိုင်(၂)	၀၉-၈၉၄၆၂၅၃၇၀
၇	ဦးညဏ်အောင်	ဦးတင်ရွှေ	၅/ကလထ(နိုင်)၁၈၄၀၄၂	၃၄	အဖွဲ့ဝင်	၀၉-၂၅၅၃၆၂၂၉၃

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	
၁	**တောင်သူအဖွဲ့**					
	ရွာတွင်းလမ်းများ သွား	ရွာတွင်းလမ်းများ	လမ်းသားများ၏ အကျယ်	ရန်ပုံငွေမရှိခြင်း။	ကျေးလက်ဦးစီးဌာန၏	ရွာတွင်းလမ်းများ
	လာရန် ခက်ခဲခြင်း။	မကောင်းခြင်း	မှာ အသင့်အတင့် ရှိပြီး		အကူအညီရယူပြီးကျေး	သဲကြမ်းခင်းခြင်း။
			မြေသားမာခြင်း။		ရွာလူထုပါဝင်၍ လှုဒါန်း	
					ငွေဖြင့် ဆောင်ရွက်ခြင်း။	
၂	**ရပ်မိ/ရပ်ဖအဖွဲ့**					
	ကလေးငယ်များပညာ	ကျောင်းဝင်းခြံစည်းရိုး	ပူးပေါင်းဆောင်ရွက်ရန်	ရန်ပုံငွေမရှိခြင်း။	ပညာရေးဌာနသို့ တင်ပြ	ကျေးရွာမူလတန်းကျောင်း
	သင်ကြားရာတွင် လုံခြုံ	များမကောင်းမွန်ခြင်း	အသင့်ရှိခြင်း၊ စည်းလုံး		တောင်းခံခြင်း။	ခြံစည်းရိုးကာရံခြင်း။
	စိတ်ချရမှုမရှိခြင်း။		ညီညွတ်မှုအားကောင်းခြင်း။			
၃	**အမျိုးသမီးအဖွဲ့**					
	အရေးပေါ်ကျန်းမာရေး	ဆေးခန်းမရှိခြင်း	ဆေးခန်းဆောက်ရန်		ကျေးရွာတွင်ကျေးလက်	ကျေးလက်ဆေးပေးခန်း
	ခက်ခဲခြင်း		မြေနေရာရှိခြင်း။	ကျေးရွာရန်ပုံငွေ	ဆေးပေးခန်းတည်ဆောက်	တည်ဆောက်ခြင်း
				မရှိခြင်း။	ခြင်း။	
၄	**စိုက်/မွေးမဟုတ်သော**					

	အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖွဲ့					
	သစ်ဝါးထင်းဝါး	သစ်တောများ	ခါတ်အားခွဲရုံနှင့်နီးခြင်း။	မီးတိုင်စိုက်ထူရန်	သစ်ပင်များထိန်းသိမ်းရေး	လျှပ်စစ်မီးရရှိရေး
	ရှားပါးခြင်း	ပြုန်းတီးခြင်း		ငွေကြေးမရှိခြင်း။	ပညာပေးဟောပြောပွဲများ	
					နှင့်လျှပ်စစ်မီးရရှိရေး။	
၅	**လူငယ်အဖွဲ့**					
	ကျေးရွာရှိလူငယ်များ	ကစားရန် နေရာ	ဘောလုံးကွင်း၊ကစားရန်	ကျေးရွာအားကစား	ဌာနဆိုင်များ၏ အကူအညီ	အားကစားကွင်းအဆင့်မြှင့်
	ဘောလုံးကစားရန် ကောင်း	မကောင်းသည့်အတွက်	မြေနေရာရှိခြင်း ကျေးရွာ	ကွင်း အဆင့်မြှင့်	ဖြင့် ကျေးရွာလူထုပူးပေါင်း	မွမ်းမံပြင်ဆင်ခြင်း
	မွန်သော နေရာမရှိခြင်း	လူငယ်များ ကစားရန်	လူငယ်များ ပူးပေါင်း	မွမ်းမံရန် ငွေကြေး	ပါဝင်ဆောင်ရွက်၍ အားက	
		သင့်လျော်မှုမရှိခြင်း	ဆောင်ရွက်လိုခြင်း။	မလုံလောက်ခြင်း။	စားကွင်း တည်ဆောက်ခြင်း	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၁	၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၉	၇	၁၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၀	၉	၁၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆	၇	၁၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၅	၈၃	၁၈၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃	၁၆	၂၉
စုစုပေါင်း		**၁၃**	**၁၂၃**	**၃၆၆**
စုစုပေါင်း အိမ်ထောင်စု		**၆၆**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အာဝါးကျေးရွာတွင် နေထိုင်ကြသော ကျေးရွာသူကျေးရွာသားများသည် စိုက်ပျိုးရေးကို အခြေခံ၍ လယ်ယာလုပ်သားများပြားပါသဖြင့် ကျေးရွာ၏ စီးပွားရေးမှာ အသင့်အတင့်သာ ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၁	၄၅		မြင့် □ လတ်Â နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၄၅	၉၀		မြင့် □ လတ်□ နိမ့် Â
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့်□
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၄		မြင့် ☐ လတ်☐Â နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အာဝါးကျေးရွာသည် လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစားတွင် လယ်ယာစိုက်ပျိုးရေး၌ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်သူနည်းပါးပြီး အလုပ်သမားဝန်ထမ်းများပြားကြောင်း တွေ့ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေး တစ်နေ့လုပ်အားခမှာ (၄၀၀၀)မှ (၆၀၀၀)ကျပ် သာရရှိသဖြင့် မိသားစုနှင့် ဝင်ငွေထွက်ငွေ မျှတမှု မရှိပါသဖြင့် ချွေတာမှုဖြင့် သုံးစွဲနေရပါသည်။ အခက် အခဲများစွာ ကျော်လွှားနေထိုင် စားသောက်နိုင်ရန်အတွက် သက်မွေးပညာကို အခမဲ့ သင်ယူရရှိနိုင်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၄၀	ကောင်း☐	သင့် Â	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးရေးမြေဧရိယာပိုင်ဆိုင်မှု အနေအထားမှာ လုပ်ကိုင်စိုက်ပျိုးနိုင်သောမြေ မျှတစွာရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ ကောင်းပါသည် ဟုသိရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ □ သင့်□ နည်း □ မရှိ Â□	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ□ သင့်□ နည်း □ မရှိ □Â	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□ နည်း □Â မရှိ □	လွယ် □ခက်□ Â အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □Â မရှိ □	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဲ၊ ကျောက်စရစ်များသုံးစွဲရသည်မှာလည်း မလွယ်ကူလှပေ။ သတ္တုနှင့် အခြားတွင်းထွက်သံယဇာတများ မထွက်ရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) အသင့်အတင့်	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၁၅	၃၀	၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အဆင်ပြေသော အိမ်ထောင်စု (၁.၅%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၁.၅%)ရှိပြီး၊ မပြေလည်သော အိမ်ထောင်စု (၃၀%) ၊ အလွန်မပြေလည်သော အိမ်ထောင်စု (၀.၆%) ခန့်တွေ့ရှိရပြီး မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော

အိမ်ထောင်စုတို့မှ မိမိတို့ စားဝတ်နေရေးအဆင်ပြေနိုင်ရန် ဟောပြောပွဲများ ပြုလုပ်ပေးပါရန် တောင်းဆိုခြင်းများ တွေ့ရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____၀_____ အစာလျှော့စား = _____၀_____ အထောက်အပံ့ယူ = _____၀____ ချေးယူ = _____၀____ လုပ်အားခကြိုယူ = _____၀____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____၀___ အစာလျှော့စား = _____၀___ အထောက်အပံ့ယူ = _____၀____ ချေးယူ = _____၀___ လုပ်အားခကြိုယူ = _____၀___
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____၀___ အစာလျှော့စား = _____၀___ အထောက်အပံ့ယူ = _____၀___ ချေးယူ = _____၀___ လုပ်အားခကြိုယူ = _____၀_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။-

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သက်ကြီးရွယ်အိုများ ရပ်ရွာအတွင်းမှာ ရှိသော်လည်း

မိသားစုများ၏ စောင့်ရှောက်ထိန်းသိမ်းမှုများ အပြည့်အဝရှိသည့်အတွက် ကျန်းမာစိတ်ချမ်းသာစွာ နေထိုင်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □	လတ် □Â	နိမ့်□	မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၃	ရေကြီးခြင်း	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၇	ငလျင်	မြင့် □	လတ် □	နိမ့်□ Â	မရှိ □
၈	မီးဘေး	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □Â	နိမ့်□	မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်□ Â	မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခ က်ခဲစသည်	မြင့် □	လတ် □Â	နိမ့်□	မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ၂၀၁၅ ရေကြီးခြင်းကြောင့် ဖြစ်ပေါ်ခဲ့သော နှံတင်ပျက်စီးမှုများကြောင့် ယနေ့တိုင် လုပ်ကိုင်နိုင်သော လယ်ယာများလည်း ယခုထွက်နှုန်း၏ (၇၀%) ခန့်သာ ထွက်ရှိခြင်းတို့ ကြောင့် စားဝတ်နေရေး ခက်ခဲမှုများ ကြုံတွေ့ခဲ့ရပါသည်။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်းမဖြစ်ပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □	လတ် □Â	နိမ့်□	မရှိ □

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □	လတ် □	နိမ့်□	မရှိ □ Â
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □	လတ် □	နိမ့်□	မရှိ □ Â
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□ Â	မရှိ □
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၅	ဆေးစွဲသူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မူးယစ်ဆေးဝါးများ ပေါများလာသည့်အတွက် လူငယ်များ ထိခိုက်ပျက်စီးခြင်းစသည်တို့ကြောင့် အန္တရာယ်ဖြစ်နိုင်ပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီ	၁□ ၂□ ၃□	၇	၃	၁၀	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၂	ဂေါပကအဖွဲ့	၁□ ၂□ ၃□	၂၀		၂၀	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၃	ရပ်မိ/ဖ	၁□ ၂□ ၃□	၁၀		၁၀	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၄	တောင်သူအဖွဲ့	၁□ ၂□ ၃□	၁၀		၁၀	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅	အရံမီးသတ်တပ်ဖွဲ့	၁□ ၂□ ၃□	၆		၆	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆	လူငယ်အဖွဲ့	၁□ ၂□ ၃□	၁၀	၅	၁၅	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၇		၁□ ၂□ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ အခြေအနေမှာ တိုးတက် ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ -** Care International, Save the Children, Gret, Pact Myanmar **စသည်)**

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပအဖွဲ့ဝင့်အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်း မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၆	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၈	တောင်သူငယ်
